ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

စာအမှတ်၊ PPD / PQ / ၂၀၂၅ ( ၃၈၇ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

အကြောင်းအရာ။ အများပြည်သူသို့ အသိပေးကြေညာခြင်းများ ဆောင်ရွက်ထားရှိမှုအား တင်ပြခြင်း

ရည်ညွှန်းချက် ။ စိုက်ပျိုးရေးဦးစီးဌာန၏ ၁-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၀၁၀ / ရေး-၈ / ၂၀၂၅ (၂၆၂)

၁။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် Shot Code နံပါတ် "1111" အသုံးပြုပြီး ပြည်သူ့တုန့်ပြန်မှုများ တိုးတက်လာစေရေး "အသိပေးကြေညာချက်" များကို ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် ရုံး၊ ဌာနခွဲများတွင် ပြည်သူလူထု မြင်သာအောင် အသိပေးကြေညာခြင်း၊ ဌာန၏ Websiteနှင့် လူမှုကွန်ရက် စာမျက်နှာများတွင် လွှင့်တင်ထားခြင်း စသည်ဖြင့် သင့်လျော်သည့် အစီအမံများဖြင့် ဆောင်ရွက်သွားနိုင်ပါရန် "အများပြည်သူသို့ အသိပေးကြေညာချက်" ပြည်သူလူထုမြင်သာအောင် အသိပေးကြေညာခြင်း၊ Website နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် လွှင့်တင်ထားခြင်းများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်နှင့် စီမံဆောင်ရွက်ထားရှိမှုအခြေအနေ တင်ပြရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားအကြောင်းကြားလာပါသည်။

၂။ သီးနှံကာကွယ်ရေးဌာနခွဲအနေဖြင့် မိမိဌာနခွဲနှင့် သက်ဆိုင်သည့် ဥပဒေများ၊ Standard Operating Procedure - SOP များနှင့် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ တင်သွင်းခွင့်လက်မှတ် ထုတ်ပေးခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဖြေလျှော့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ကြေညာအသိပေးပြီးဖြစ်၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် အခါအားလျော်စွာ အများပြည်သူသို့ အသိပေးအကြောင်းကြားစာများကို Website တွင် လွှင့်တင်မည် ဖြစ်ကြောင်း ပူးတွဲပါစာများဖြင့် ပေးပို့တင်ပြအပ်ပါသည်။

ဇော်လင်း
ညွှန်ကြားရေးမှူး

မိတ္တူကို
ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ